ပအိုဝ်းလူငယ်အစည်းအရုံး
PA-O YOUTH ORGANIZATION (PYO)
No(2/53), Sabae Street, Phayar Phyu Qrt, Taunggyi, Shan State, Myanmar
pyorg.net@gmail.com, www.paoyouth.org

သဝဏ်လွှာ

ပအိုဝ်းလူငယ်အစည်းအရုံးမှ
(၇၀) နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

၂၀၁၉ ခုနှစ်၊ မတ်လ၊ (၁၃) ရက်

ချစ်ခင်လေးစားအပ်ပါသော ပအိုဝ်းညီအစ်ကို မောင်နှမများ ခင်ဗျား.....

ယနေ့ သာသနာသက္ကရာဇ် (၂၅၆၂)၊ ကောဇာသက္ကရာဇ် (၁၃၈၀)ခု၊ တပေါင်းလပြည့်နေ့၊ ခရစ်သက္ကရာဇ် ၂၀၁၉၊ မတ်လ (၂၀) ရက်၊ ဗုဒ္ဓဟူးနေ့တွင် ကျရောက်သော (၇၀) နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားသို့ ဂုဏ်ပြု သဝဏ်လွှာ ပေးပို့ခွင့်ရသည့်အတွက် ကျနော်တို့ ပအိုဝ်းလူငယ်အစည်းအရုံးမှ များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။ ယနေ့အချိန်အခါသည် ပအိုဝ်းညီအစ်ကို မောင်နှမများ၏ နေ့ထူးနေ့မြတ်အဖြစ် အသိအမှတ်ပြုထားသည့်၊ ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ပအိုဝ်းအမျိုးသားနေ့ ဖြစ်ပါသည်။ ဤနေ့ထူးနေမြတ်အခါသမယမှ ပြည်တွင်းပြည်ပနေရာ အနှံ့အပြားတွင် ရောက်ရှိနေကြသော ပအိုဝ်းအမျိုးသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ ကောင်းကျိုး ချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း ပအိုဝ်းလူငယ်အစည်းအရုံး - PYO က ဆုမွန်ကောင်းတောင်းလျှက် နူတ်ခွန်းဆက်သအပ်ပါသည်။

ပအိုဝ်းအမျိုးသားရေးလက္ခဏာဂုဏ်အင်္ဂါများနှင့်အညီ ယနေ့ တပေါင်းလပြည့်နေ့ ပအိုဝ်းအမျိုးသားနေ့သည် မဟာသက္ကရာဇ် (၂) ခု၊ တပေါင်းလပြည့်၊ စနေနေ့တွင် ဖွားမြင်ခဲ့သော ဗုဒ္ဓသာသနာပြု သုဝဏ္ဏဘုမ္မိ သထုံပြည်ရှင် ပအိုဝ်းဂုဏ်ရောင်ကိုထွန်းပြောင်စေခဲ့သည့် သူရိယစန္ဒာမင်းကြီး၏ မွေးနေ့တော် တပေါင်းလပြည့်နေ့ကို နေ့ထူးနေ့မြတ် ပအိုဝ်းအမျိုးသားနေ့ အဖြစ် အမိအဖ အဘိုးအဘွားတို့က စည်းလုံးညီညွတ်စွာ သတ်မှတ်ပြီး အထိန်းအမှတ်ပွဲများ ကျင်းပခဲ့ကြသည်။ ပအိုဝ်းအမျိုးသားနေ့ဆိုသည်မှာ ပအိုဝ်းအမျိုးသားများအတွက် အရေးကြီးသော အမျိုးသားရေးလက္ခ ဏာတစ်ရပ်ဖြစ်ပါသည်။ ထို့အတူပင် ပအိုဝ်းအမျိုးသားတို့၏ စည်းလုံးညီညွတ်ရေးမဏ္ဍိုင်ဖြစ်သကဲ့သို့ ကြီးပွားတိုးတက် ရေးမဏ္ဍိုင်လည်းဖြစ်ပါသည်။ ယခုကဲ့သို့ ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားကို နှစ်စဉ်မပျက် ကျင်းပပြုလုပ်လျှက် ရှိသော ဒေသအသီးသီမှ ပအိုဝ်းမျိုးချစ်မောင်မယ်များအား အထူးလေးစား ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံတကာရောက် ပအိုဝ်းမျိုးချစ်မောင်မယ်များအနေဖြင့် မိမိတို့၏ရောက်ရှိရာဒေသများတွင် ရရှိသည့်အတွေ့အကြုံများ၊ ကျွမ်းကျင်မှုများ၊ မိမိတို့၏ ပအိုဝ်းအမျိုးသားအကျိုးစီးပွားနှင့် ပြည်ထောင်စု၏ အကျိုးစီးပွားတို့ကို ဆထက်ထမ်းပိုး ထမ်းဆောင်နိုင်ကြ ပါစေကြောင်း ဆန္ဒပြုဆုမွန်ကောင်းတောင်းအပ်ပါသည်။

နိဂုံးချုပ်အားဖြင့် ပအိုဝ်းအမျိုးသားများအားလုံး ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးနိုင်ခွင့် ရရှိရေးအတွက် နိုင်ငံရေးအရ သော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း နိုးကြားကြရန်၊ တစ်ဦးနှင့် တစ်ဦးအကြား မခွဲခြားဘဲ တစိတ်တဝမ်းတည်း စည်းလုံးညီညွတ်ကြရန် အထူးလိုအပ်ပါသည်။ ကျွန်ုပ်တို့ ပအိုဝ်းအမျိုး

သားရေးရည်မှန်းချက်များ၊ ပအိုဝ်းပြည်သူများအပါအဝင် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ လိုလားတောင့်တ လျက်ရှိသော ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ တရားမျှ တခြင်းဖြင့် ငြိမ်းချမ်းရေးအပြည့်အဝရှိသော လူ့ဘောင်သစ်တစ်ရပ် တည်ဆောက်ရာတွင်လည်း ပအိုဝ်းလူငယ်အစည်းအ ရုံးနှင့်အတူ အောင်ပွဲရရှိသည်ထိ မမှိတ်မသုန် ဆက်လက်တိုင်ပွဲဆင်နွှဲသွားကြရန် နိုးဆော်လိုက်ရပါသည်။ ပအိုဝ်းအမျိုး သားကံကြမ္မာ ပအိုဝ်းဖန်တီးခွင့် ရရှိရေးသည် ပအိုဝ်းတမျိုးသားလုံး၏ အရေးဖြစ်သည့်အလျှောက် ပအိုဝ်းတမျိုးသားလုံး၏ ဘက်စုံ၊ ထောင့်စုံမှ ကြိုးပမ်းကြရန်နှင့် မိမိတို့ ပအိုဝ်းအမျိုးသား၏ အခွင့်ရေးအတွက် ခွန်သစ်အားသစ်များ ရရှိစေရန် ပအိုဝ်းအမျိုးသားနေ့ မင်္ဂလာအခါသမယတွင် ဤသဝဏ်လွှာကို ဂုဏ်ပြုပေးပို့အပ်ပါသည်။

ဗဟိုကော်မတီ
ပအိုဝ်းလူငယ်အစည်းအရုံး (PYO)

ကောဇာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်နေ့
ခရစ်သက္ကရာဇ် ၂၀၁၉ ခုနှစ်၊ မတ်လ (၁၃) ရက်